BDFWG

Burmese Democratic Futures Working Group

# မြန်မာ့ ပဋိပက္ခ နောက်ဆုံးအခြေအနေ ဇူလိုင်လ (၀၁ - ၀၇)

## အရပ်သားများအပေါ် အကြမ်းဖက်မှု

| | | | |
|---|---|---|---|
| ၂၈ ဦး | အရပ်သား အသတ်ခံရမှု | ၈၁ ဦး | အရပ်သား ဖမ်းဆီးခံရမှု |
| ၂ ဦး | အမျိုးသမီး အသတ်ခံရမှု | ၈၅ လုံး | နေအိမ်မီးရှို့ပျက်စီးမှု |
| ၄ ဦး | ကလေးများ | ၃၂ ကြိမ် | လေကြောင်းတိုက်ခိုက်မှု |

### ဇူလိုင်လ ပထမပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၇ ခုတွင် ဇူလိုင်လ ပထမပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ် တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၂၈ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၄ ဦးနှင့် အမျိုးသမီး ၂ ဦး ပါဝင်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၂ ခုနှင့် တိုင်း ၁ ခုတို့တွင် ဇွန်လ ပထမပတ်အတွင်း စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၈၅ လုံး မီးလောင် ပျက်စီးခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် နေအိမ် ၄၅ လုံး၊ ကချင်ပြည်နယ်တွင် နေအိမ် ၃၀ လုံးနှင့် ရှမ်းပြည်နယ် တောင်ပိုင်းတို့တွင် နေအိမ် ၁၀ လုံးတို့ ဖြစ်ကြပါသည်။

**KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဇွန်လ ၃ ရက်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်ရှိ သေ့ဘောဘိုး စစ်ကောင်စီစခန်းကို KNLA တော်လှန်ရေး ပူးပေါင်းတပ်က တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ကောင်စီ တပ်ဖွဲ့ဝင် ၃၀ကျော် သေဆုံးကာ ၇၂ ဦး လက်နက်ချခဲ့သည်။

**ဇွန်လ ၀၁ ရက်မှ ၀၇ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

**တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်**

ငြိမ်းချမ်းရေး ဖော်ဆောင်ဖို့ဆိုပြီး ငလျင်အလွန် ယာယီအပစ်ရပ်ကာလကို ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ သက်တမ်း ၁ လ ထပ်တိုးတယ်လို့ စစ်ကောင်စီက ထုတ်ပြန်လာပါတယ်။ ငလျင်ဒဏ်သင့်ဒေသတွေကို ပြန်တည်ဆောက်နိုင်ဖို့၊ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့နဲ့ ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ဖို့ ယာယီအပစ်ရပ်ကာလကို ထပ်တိုးလိုက်တာလို့ စစ်ကောင်စီက ဇွန်လ ၁ ရက်မှာ သတင်းထုတ်ပြန်တာဖြစ်ပါတယ်။

ငလျင်နောက်ဆက်တွဲ လူသားချင်းစာနာထောက်ထားရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် အပစ်ခတ်ရပ်ဆဲရေး ကာလကို တတိယအကြိမ် ၁ လ ထပ်မံသက်တမ်းတိုးကြောင်း ညီနောင်သုံးဖွဲ့က ဇွန်လ ၂ ရက်တွင် ထုတ်ပြန်လိုက်ပါတယ်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ပြုလုပ်နေသည့် ၁၁၃ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံ (ILC) ၌ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ILO ၏ ပုဒ်မ ၃၃ (Article 33) အရ စစ်ကောင်စီကို အရေးယူဒဏ်ခတ်ပိတ်ဆို့ ရန် ဇွန်လ ၅ ရက်တွင် ဆုံးဖြတ်လိုက်ပါတယ်။

